ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

20.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၉) ဦး	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်နီ(ကယား)ပြည်နယ်

ဧပြီလ(၁၉)ရက်နေ့နေ့လည်(၁)နာရီခန့်တွင် ဘောလခဲမြို့နယ်မှ ဒီးမော့ဆိုမြို့နယ်၊ဒေါ်ညေးခူရွာသို့ ရိက္ခာပို့ရန် လာသည့် ကားကို လမ်းပိုင်းတစ်နေရာတွင် KA၊ KNDF B-21 ပူးပေါင်းတပ်များက မိုင်းဆွဲရာ ကားပက်လက်လန်ကာ တိုက်ပွဲဖြစ်ပွားပြီးနောက် ရန်သူ့တပ်သား (၈)ဦး သေဆုံးခဲ့ပြီး သေနတ်(၆)လက်နှင့် ကျည်အချို့သိမ်းဆည်းရမိကာ ရန်သူ့တပ်သား (၁)ဦးကို အရှင်ဖမ်းမိခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

ဧပြီလ(၁၈)ရက်နေ့တွင် မတ္တရာမြို့နယ်၊ မတ္တရာမြို့ပေါ်ရှိ စရဖရုံးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးတို့ကို ယူနီကွန်းပြောက်ကျားတပ်ဖွဲ့နှင့်စိန်ပန်းနီနီ Drone Team တို့က ပူးပေါင်း၍ Droneဖြင့် ဗုံး(၃)လုံး တပြိုင်ထဲချ၍ သတ်မှတ်ထားသည့် ပစ်မှတ်များ ကို တိတိကျကျ တိုက်ခိုက်ခဲ့သည်။

Date -20/04/23

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်း

ဧပြီလ(၁၉)ရက်နေ့နေ့လည်(၂:၃၀)နာရီခန့်တွင် သဲကုန်းမြို့နယ်၊ကွင်းကြီးကျေးရွာအနီး တောစပ် တစ်နေရာတွင် ဖြဟ္မာ့အင်းကျေးရွာအုပ်စု၌ တာဝန်ကျနေသော ရန်သူ့လက်အောက်ခံ နယ်ထိန်းရဲတပ်သား ဇေယျာအောင်ကို အရှင်ဖမ်းဆီးပြီး သဲကုန်းမြို့နယ်အတွင်း ရန်သူ့တပ်၏ လုပ်ဆောင်နေသည့် လျှို့ဝှက်လုပ်ငန်းများကို စစ်ဆေးမေးမြန်းရန် လက်နက်ချခိုင်းရာ ၎င်းမှအသင့်ပါလာသော G3 သေနတ်ဖြင့် စတင်၍ ပြန်လည် ခုခံပစ်ခတ်သဖြင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(ပြည်ခရိုင်) PDF တပ်ရင်း ၃၆၀၂၊ တပ်ခွဲ၄၊ သဲကုန်းမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ မြို့ပြပြောက်ကျားအဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နေရာ၌ပင် သေဆုံးသွားခဲ့သည်။ ၎င်းထံမှ G3သေနတ်(၁)လက်၊ ကျည်ဘောက်(၂) ခု၊ ကျည်(၁၁၉) တောင့်၊ ဖုန်း(၁)လုံး၊ ဆိုင်ကယ်(၁)စီး၊ လက်ထိပ်(၁)ခုနှင့်ဘေးလွယ်အိတ်(၁)လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တော်လှန်ရေးတပ်ဖွဲ့ဝင်များ အထိအခိုက်မရှိ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

မန္တလေးတိုင်း

ဧပြီလ(၁၉)ရက်နေ့နံနက်ပိုင်းတွင် တောင်သာမြို့နယ်၊ တောင်သာ-မြင်းခြံလမ်း၊ မိုးနှောင်းခင်းကျေးရွာရှိ ဇရပ်လမ်းဆုံတွင် အသက် (၂၀)ဝန်းကျင်အရွယ် အမျိုးသား(၁)ဦးနှင့်အသက်(၃၀)ဝန်းကျင်အရွယ် အမျိုးသား (၁)ဦးတို့၏ နားထင်တွင် သေနတ်ဖြင့် တေ့ပစ်ခံထားရသည့် အနေအထားဖြင့် သေဆုံးနေသော အလောင်း(၂)လောင်းကို တွေ့ရှိခဲ့ရကြောင်း သိရသည်။